


၅။ နို့သီးခေါင်း၏ အရေပြားတွင် ပြောင်းလဲမှုရှိမရှိ




၆။ ရင်သားနှစ်ဘက်အရွယ် ပမာဏမတူညီခြင်း




၇။ လက်မောင်းယောင်နေခြင်း ရှိမရှိ



၈။ နို့သီးခေါင်းမှ အရည် (သို့မဟုတ်) သွေးထွက်ခြင်း ရှိ-မရှိ



၉။ လည်ပင်းနှင့် ဂျိုင်းအောက်တွင် အကြိတ်အဖု ရှိ-မရှိ



ခ။ ရင်သားဓါတ်မှန်ရိုက်ခြင်း **(Mammogram)** အထူးသဖြင့် အသက် ၄၀ ကျော် အမျိုးသမီးများ စမ်းသပ်သင့်သည်။ သံသယရှိဘွယ် အကြိတ်အဖု တွေ့လျှင် တတ်ကျွမ်းသူဖြင့် ပြသစစ်ဆေးပါ။

ရောဂါရှာဖွေရန် သက်ဆိုင်ရာတတ်ကျွမ်းသူမှ အောက်ပါအချက်များ ပြုလုပ်ပါမည်။

၁။ စမ်းသပ်ခြင်း **(Examination)**

၂။ ရင်သားဓါတ်မှန်ရိုက်ခြင်း **(Mammogram)**

၃။ ရင်သားဓါတ်မှန်ရိုက်ခြင်း **(Ultrasound)**

၄။ ရင်သားရှိအကြိတ်ကို အပ်နှင့်စုတ်ကြည့်ခြင်း **(FNAC)**

၅။ အသားစယူ၍ စစ်ဆေးခြင်း **(Biopsy)**

၆။ ကုသမှုမှာ ရင်သားကင်ဆာ ဖြစ်ပေါ်မှု အမျိုးအစား အရွယ်ပမာဏပြန့်နှံ့မှု အနေအထား စသည်တို့ပေါ်တွင်မူတည်၍ ကွဲပြားသည်။

**ကုသခြင်း**

၁။ ခွဲစိတ်ကုသခြင်း။

၂။ ဓါတ်ရောင်ခြည်ဖြင့် ကုသခြင်း။

၃။ ဆေးထိုးဆေးစား၍ ကုသခြင်း။

၄။ ဟော်မုန်းနှင့် ကုသခြင်း။

**ကင်ဆာရောဂါတိုက်ဖျက်ရေးစီမံချက်**

**Cancer Control Project**

အခမဲ့ ဖြန့်ဝေခြင်းဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
MINISTRY OF HEALTH

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(၂၀၂၂-ခုနှစ်)

# ရင်သားကင်ဆာ သိကောင်းစရာ

- ရင်သားကင်ဆာသည် မြန်မာနိုင်ငံတွင် အမျိုးသမီး များ၌ ဒုတိယ အဖြစ်အများဆုံး ကင်ဆာဖြစ်ပါသည်။
- ရင်သားတွင် အကြိတ်အဖုတွေ့တိုင်း ကင်ဆာမဟုတ်ပါ။
- ရင်သားကင်ဆာဖြစ်စတွင် နာကျင်မှုမရှိပါ။

**ကင်ဆာမဟုတ်သော ရင်သားအကြိတ်**

၄င်းအကြိတ်များသည် ခွဲစိတ်၍ ထုတ်ပြီးလျှင် တခြားသို့ပြန့်နှံ့ခြင်း မပြုပါ။

အသက်အန္တရာယ်မရှိပါ။

## ရင်သားကင်ဆာအကြိတ်


နီးစပ်ရာ ခန္ဓာကိုယ်အစိတ်အပိုင်းသို့ ပြန့်နှံ့နိုင်သည်။ သွေးကြော၊ သားငံရည်ကြောများမှ တဆင့်တခြား ခန္ဓာကိုယ်အစိတ်အပိုင်းများသို့ ရောက်ရှိသွားနိုင်သည်။ အသက်အန္တရာယ်ရှိသည်။ စောစီးစွာသိရှိ ကုသပါက ပျောက်ကင်းနိုင်သည်။

### (က)မိမိရင်သားကို မိမိကိုယ်တိုင်စမ်းသပ်ခြင်း

ရာသီလာပြီးသည့် အချိန်တွင် စမ်းသပ်ရမည်။ တစ်လ တကြိမ် မှန်မှန်စမ်းသပ်ခြင်းဖြင့် မိမိရင်သားတွင် အကြိတ်အဖုပေါ်လာပါက ချက်ချင်းသိရှိနိုင်မည်။ ရာသီမမှန်သော အမျိုးသမီးများ လစဉ်ရက်တရက်ကို သတ်မှတ်၍ ၎င်းရက်အတိုင်း ပုံမှန်စမ်းသပ်ရမည်။

မိမိရင်သားကို မိမိကိုယ်တိုင် စမ်းသပ်ရန်အတွက် မိနစ်အနည်းငယ်သာ လိုအပ်ပါသည်။ အိမ်လျှက်ဖြစ်စေ၊ မတ်တပ်ရပ်၍ ဖြစ်စေ စမ်းသပ်နိုင်သည်။

၁။ အိပ်လျှက်အနေအထားဖြင့် စမ်းမည်ဆိုပါက ယာဘက်ရင်သားကို စမ်းရန် ယာဘက်ပုခုံးခေါက်တွင် ခေါင်းအုံးတလုံးထား၍ ယာဘက်လက်ကို ဦးခေါင်းနောက်သို့ မြှောက်ထားပြီး ဝဲဘက်လက်ဖြင့် စမ်းသပ်ရမည်။ ဝဲဘက်ရင်သားစမ်းသပ်ရန် ဝဲဘက်ပုခုံးအောက်တွင် ခေါင်းအုံးတလုံး ထား၍ ဝဲဘက်လက်ကို ဦးခေါင်း နောက်သို့ မြှောက်ထားပြီး ယာဘက်လက်ဖြင့် စမ်းသပ်ရမည်။



၂။ စမ်းသပ်သော အခါ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ် (၃) ချောင်းဖြင့် စမ်းပါ။




၃။ သေသေချာချာဖိ၍ စမ်းပါ။




၄။ ပုံတွင်မျှားဖြင့် ပြထားသည့်အတိုင်း ရင်သားကို စနစ်တကျ လှည့်ပတ်၍ စမ်းရပါမည်။



၅။ ညှပ်ရိုး၏အပေါ်နှင့် အောက်တို့ အပြင်/ဂျိုင်းကိုလည်း စမ်းရပါမည်။




၆။ မှန်ရှေ့တွင် မိမိရင်သား၌ အရေပြား ချိုင့်နေခြင်း၊ နို့သီးခေါင်းအနေအထား အရောင် ပြောင်းလဲခြင်း၊ ယောင်ယမ်းခြင်း ရှိ-မရှိ ကြည့်ရှုစစ်ဆေးပါ။




ထိုသို့ကြည့်ရှုရာ၌


၁။ ရင်သားနှစ်ဘက် အနိမ့်အမြင့်မတူခြင်း။



၂။ ရင်သားပေါ်ရှိ အရေပြား ချိုင့်ဝင်နေခြင်း။



၃။ ရင်သားတွင် မြင်သာသော အဖုအကြိတ်ရှိမရှိ



၄။ နို့သီးခေါင်းဝင်နေခြင်း ရှိမရှိ

